# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**e-NEWSLETTER**

VOL.5, N0.1

January 2026


## (၇၇) နှစ်မြောက်အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားကျင်းပခြင်း



ဒီဇင်ဘာလ ၁၀ ရက်

(၇၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


စာ ၇



ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း

စာ ၈



ကော်မရှင်ရုံး ၂၀၂၆ ခုနှစ်၊ နှစ်သစ်ကူးအကြို အခမ်းအနားကျင်းပပြုလုပ်ခြင်း

စာ ၁၀



ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

စာ ၁၁



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

စာ ၁၂



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ





ဦးစွာအမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်သည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုထုတ်ပြန်ခဲ့သည့် (၇၇) နှစ်ပြည့်မြောက်သောနေ့ဖြစ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့လည်း ဖြစ်ကြောင်း။

ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အခမ်းအနားများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပပြုလုပ်လေ့ရှိခြင်းကြောင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း လူ့အခွင့်အရေးကို အလေးထားသည့်အနေဖြင့်ယခုအခမ်းအနားကို ကျင်းပခြင်းဖြစ်ပါကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတွင် အပိုဒ်ပေါင်း ၃၀ ပါရှိပြီး လူ့အခွင့်အရေးအားလုံး၏ အခြေခံများ၊ ပြည်သူ့ရေးရာနဲ့ နိုင်ငံရေး အခွင့်အရေးများ၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများအကြောင်း ဖော်ပြပါရှိကြောင်း။

ယင်းကြေညာစာတမ်းသည် လူသားအားလုံးတွင် မွေးရာပါ အခွင့်အရေးများ ပိုင်ဆိုင်ကြောင်း ပထမဆုံး အသိအမှတ်ပြုခဲ့သည့် သမိုင်းဝင်စာတမ်းဖြစ်ပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ UDHR ကို အတည်ပြုရန် မဲခွဲသည့်အခါ မြန်မာနိုင်ငံသည် ကြေညာစာတမ်းကို ထောက်ခံမဲပေးခဲ့သည့် နိုင်ငံ ၄၈ နိုင်ငံတွင် အပါအဝင်ဖြစ်ခဲ့ကြောင်း၊ ကုလသမဂ္ဂ အထွေထွေ ညီလာခံက ယင်းကြေညာစာတမ်း အတည်ပြုခဲ့သည့် ဒီဇင်ဘာလ ၁၀ ရက်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းပင် ဖြစ်ကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ပေါ်ပေါက်လာပြီးသည့်နောက် နိုင်ငံတကာက ကြေညာစာတမ်းပါ အခွင့်အရေးများကို အခြေခံပြီး ဥပဒေအရ စည်းနှောင်မှုနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် ပတ်သက်ဆက်နွှယ်သည့် သဘောတူစာချုပ်များ အသီးသီး ပေါ်ပေါက်ခဲ့ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များတွင် စာချုပ်ဝင်နိုင်ငံအဖြစ်ခေတ်အဆက်ဆက်၏ နိုင်ငံတော်အစိုးရများက ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်စသည့် စာချုပ်များကို ပါဝင်ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါစာချုပ်များနှင့် ဆက်စပ်သည့် နောက်ဆက်တွဲ သဘောတူစာချုပ်တချို့ကိုလည်း ပါဝင်ချုပ်ဆိုထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာစာချုပ်များတွင် ပါသည့် တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းဥပဒေများ ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသကဲ့သို့ အမျိုးသားအဆင့်ကော်မတီများ ဖွဲ့စည်းထားရှိပြီး နိုင်ငံအဆင့်အစီရင်ခံစာများကို စာချုပ်ကော်မတီများထံ ပုံမှန်တင်သွင်းလျက်ရှိကြောင်း။

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ အခြေခံအခွင့်အရေးများ ရရှိခံစားနိုင်စေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း (၈) တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ထည့်သွင်း ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားများအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသော မူလအခွင့်အရေးနှင့်လူ့အခွင့်အရေးများရယူနိုင်သကဲ့သို့လိုက်နာရန် ပြဋ္ဌာန်းထားသည့် တာဝန်များကိုလည်း လိုက်နာကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံသားများ၏ မူလအခြေခံအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်



အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းပေးခဲ့ကြောင်း။

ထိုသို့ဖွဲ့စည်းပေးခဲ့ပြီးမြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပြီး ကော်မရှင်ဥပဒေပါ လုပ်ငန်းတာဝန်များအနက် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် ပတ်သက်သည့် တိုင်ကြားချက်များအပေါ် စုံစမ်းစစ်ဆေးခြင်း၊ လူ့အခွင့်အရေးအသိပညာပေးခြင်း၊ လူ့အခွင့်အရေးဆိုင်ရာအကြံပြုတိုက်တွန်းချက်များ ပေးခြင်းတို့ပါဝင်နေသည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည့် ကော်မရှင်သက်တမ်းသည် ၁၄ နှစ်ကျော်ခဲ့ပြီဖြစ်ပြီး နိုင်ငံသားများရဲ့ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်မှုများသည်လည်းအတိုင်းအတာတစ်ခုအထိ ခရီးရောက်ခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံအတွင်းနေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားများ၏ လူ့အခွင့်အရေးကိုမြှင့်တင်ကာကွယ်ပေးရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းတည်ထောင်ပေးထားခြင်းသည်နိုင်ငံတော်ကလူ့အခွင့်အရေးကိုအလေးထားကြောင်းပြသသည့်သက်သေသာဓကတစ်ခုလည်းဖြစ်ကြောင်း၊လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း၌လူ့အခွင့်အရေးကိုလေးစားလိုက်နာကျင့်သုံးခြင်းဖြင့် အဆိုပါလူ့အဖွဲ့အစည်း၏တည်ငြိမ်အေးချမ်းရေးကို များစွာအထောက်အကူပြုမည် ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုရှိမှသာတရားဥပဒေစိုးမိုးရေးအားကောင်းမည်ဖြစ်ကြောင်း၊သို့မှသာနိုင်ငံသားများအားလုံးအေးချမ်းပျော်ရွှင်စွာနေထိုင်လုပ်ကိုင်နိုင်ကြပြီးလူမှုစီးပွားဘဝတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားများအားလုံးလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ကိုယ်စိတ်နှလုံးချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေး၊ ဆင်းရဲချမ်းသာကွာဟမှု လျှော့ချနိုင်ရေးတို့အတွက် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကိုအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ထို့ပြင် ပြည်သူလူထု၏စစ်မှန်သည့်လိုလားချက်ဖြစ်သောစည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီစနစ်ကိုအခြေခံသော ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရေးအတွက် စည်းစနစ်ကျနမှုရှိပြီးလွတ်လပ်ပြီးတရားမျှတမှုအပြည့်ရှိသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်တွင်အထွေထွေရွေးကောက်ပွဲသည် အသက်ဖြစ်ပြီး အလွန်အရေးကြီးသည့် အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံးကလည်းသိက္ခာရှိသည့်ရွေးကောက်ပွဲ၊အောင်မြင်သည့်ရွေးကောက်ပွဲ ဖြစ်စေရေးနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် အခိုင်အမာရောက်ရှိစေရေးတို့အတွက် အားလုံးက ညီညီညွတ်ညွတ်ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်တစ်ခု တည်ဆောက်ရာတွင် ပြည်သူလူထုသည်အကြီးမားဆုံးအင်အားဖြစ်သည်နှင့်အညီ တည်ငြိမ်အေးချမ်းသည့် လူ့အဖွဲ့အစည်း ဖြစ်စေရေးနှင့် တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရေး ပြည်သူလူထုကတက်ကြွစွာပါဝင်ကြရန်၊အချင်းချင်းလေးစားမှုရှိရန်နှင့် တာဝန်ယူမှုများရှိရန်လိုအပ်ကြောင်း။

ဆန္ဒမဲပေးခြင်း မပေးခြင်းသည် နိုင်ငံသားတစ်ဦး၏အခွင့်အရေးဖြစ်သကဲ့သို့ဆန္ဒမဲပေးရန်နိုင်ငံသားတစ်ဦး၏ တာဝန်ဖြစ်ကြောင်း၊ နိုင်ငံသားများအနေဖြင့် မိမိတို့အခွင့်အရေးကို အပြည့်အဝအသုံးချပြီး မိမိတို့၏ တာဝန်ဝတ္တရားများကိုလိုက်နာကာ နိုင်ငံ့အကျိုးကို ရှေးရှု၍ မိမိတို့၏ ဆန္ဒသဘောထားများကို ထုတ်ဖော်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဲပေးပိုင်ခွင့်ရှိသူအားလုံးက မကြာမီကျင်းပပြုလုပ်တော့မည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ဆန္ဒမဲပေးခြင်းဖြင့် နိုင်ငံသားတစ်ဦး၏တာဝန်ကျေပွန်အောင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ လူ့အခွင့်အရေးနှင့် နိုင်ငံသားတို့၏တာဝန်သည်ဒီမိုကရေစီအခြေခံအုပ်ချုပ်ရေးစနစ်နှင့် ကောင်းမွန်သောလူ့အဖွဲ့အစည်းတစ်ခုတည်ဆောက်ရေးအတွက်တစ်ခုနှင့်တစ်ခုဆက်စပ်ပြီးဟန်ချက်ညီရန် လိုအပ်သည့် အခြေခံအယူအဆနှစ်ရပ်ဖြစ်ကြောင်း။

လက်ရှိနိုင်ငံတော်၏ အာဏာသုံးရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီတာဝန်ယူဆောင်ရွက်နေသည့်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့်လည်းအထွေထွေရွေးကောက်ပွဲကြီးတွင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့်လွတ်လပ်မျှတစွာ မဲပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းသည် နိုင်ငံတော် အစိုးရအနေဖြင့်နိုင်ငံသားအခွင့်အရေးကိုအလေးထားဆောင်ရွက်ခြင်း ဖြစ်ကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂ၏ ဆောင်ပုဒ်မှာ "Our Everyday Essentials"ဖြစ်ကြောင်း၊လူသားများ၏နေ့ရက်တိုင်းတွင် လူ့အခွင့်အရေးသည် မရှိမဖြစ်၊ မပါမဖြစ် အရေးကြီးသည့် အရာဖြစ်သည်ဟု ဖော်ညွှန်းလိုခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နေ့စဉ်လူမှုဘဝ လုပ်ရှားဆောင်ရွက်မှုတိုင်းတွင် လူ့အခွင့်အရေးအခြေခံသဘောတရားများပါဝင်သည့် တရားမျှတခြင်း၊လွတ်လပ်ခြင်း၊ညီမျှခြင်းစသည့်လောကပါလတရား(၃)ပါးလက်ကိုင်ထားဆောင်ရွက်ကြမည်ဆိုပါက ငြိမ်းချမ်းသာယာသည့် လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်သည့် အသိုက်အဝန်း အမှန်တကယ်ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် တိုင်းပြည်သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိသကဲ့သို့နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကိုမြှင့်တင်ကာကွယ်နိုင်ရန် ဥပဒေသတ်မှတ်ချက်များအတိုင်း အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံသားတစ်ဦးသည် အခွင့်အရေးများနှင့်အတူ လူ့အဖွဲ့အစည်းအတွင်း နေထိုင်သူတစ်ဦးအနေဖြင့် ထမ်းဆောင်ရန်တာဝန်များလည်း ရှိနေပါကြောင်း။

ယင်းတာဝန်များသည် လူ့အဖွဲ့အစည်းကို ငြိမ်းချမ်းစွာလည်ပတ်စေရန် အခွင့်အရေးများကို အကာအကွယ်ပေးရန်နှင့် အများပြည်သူကောင်းကျိုးအတွက် ပူးပေါင်းပါဝင်ရန်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းရေးနှင့် စည်းမျဉ်းစည်းကမ်း တည်ဆောက်ရေးအတွက် အခြေခံအကျဆုံးသော တာဝန်သည် ဥပဒေကို လေးစားလိုက်နာခြင်းပင်ဖြစ်ကြောင်း။

တရားမျှတပြီး တာဝန်သိသော ဆန္ဒမဲပေးခြင်း၊ လူမှုရေးလှုပ်ရှားမှုများတွင် ပါဝင်ခြင်းများသည် နိုင်ငံသားတစ်ဦးအနေဖြင့်အများပြည်သူဆိုင်ရာကိစ္စရပ်များတွင် ပါဝင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

မိမိ၏လွတ်လပ်ခွင့်သည် အခြားသူများ၏ အခွင့်အရေးနှင့်လွတ်လပ်ခွင့်ကိုမထိခိုက်စေရန်လည်းလိုကြောင်း၊ နိုင်ငံသားတစ်ဦး၏ တာဝန်များကို ထမ်းဆောင်ခြင်းသည် အခြားသူများ၏ အခွင့်အရေးကို လေးစားခြင်းနှင့် မိမိကိုယ်တိုင်၏ အခွင့်အရေးများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့်ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်သည် နိုင်ငံသားများ၏ အခွင့်အရေးများကို အာမခံချက်ပေးပြီးနိုင်ငံသားများအနေဖြင့်လည်းနိုင်ငံသားများအနေဖြင့်လည်း နိုင်ငံသားတာဝန်များကို ထမ်းဆောင်ခြင်းအားဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ကိုပံ့ပိုးပေးကြရန်တိုက်တွန်းလိုကြောင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ မြင့်သူမြိုင်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့သည့်အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် သဝဏ်လွှာကို ဖတ်ကြား၍ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် Video Clip ကို ပြသသည်။

ယင်းနောက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးအား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုအမှတ်တရ လက်ဆောင်ကို လာရောက်ပေးအပ်သည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "အားလုံးအတွက် လူ့အခွင့်အရေး" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက်အမှုဆောင်ချုပ်ဦးအောင်လင်းဒွေးသည် အခမ်းအနား တက်ရောက်လာကြသူများ နှင့်အတူ မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း တိုင်းရင်းသားဘာသာပြန်စာအုပ်များ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရုရှားဘာသာ၊ အင်္ဂလိပ်ဘာသာ သရုပ်ဖော်ပုံစာအုပ်များ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ပုံနှိပ်ထုတ်ဝေဖြန့်ချီလျက်ရှိသောလူ့အခွင့်အရေးဆိုင်ရာ စာအုပ်စာတမ်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၆/ ၂၀၂၅)

ဒီဇင်ဘာလ ၃ ရက်

၁။ ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။ မသန်စွမ်းသူများသည် အမြင်အာရုံ၊ အကြားအာရုံ၊ ကိုယ်အင်္ဂါ၊ စိတ်ပိုင်းနှင့် ဉာဏ်ရည်ဆိုင်ရာစသည့် ချို့ယွင်းအားနည်းမှုတစ်ခုခုနှင့် မသန်စွမ်းမှုတစ်မျိုးမျိုးကို ကြုံတွေ့ခံစားနေရသူများ ဖြစ်သော်လည်း အချို့ကဏ္ဍများ၌ သာမန်ထက်ပင် စွမ်းဆောင်နိုင်ကြကြောင်း တွေ့ရှိရပါသည်။ မသန်စွမ်းသူများကို ကာကွယ်ပေးရန်၊ ကူညီပေးရန်နှင့် မြှင့်တင်ပေးရန် အလို့ငှာ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် (၄၇/ ၃) ဖြင့် နှစ်စဉ်ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တွင် (၃၃) နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

၂။ မသန်စွမ်းသူများ၏လူ့အခွင့်အရေးနှင့်အခြေခံလွတ်လပ်ခွင့်များအားလုံးကိုမြှင့်တင်ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့၏ မွေးရာပါ လူသားဂုဏ်သိက္ခာအား လေးစားရန်တို့ကို ရည်ရွယ်၍ ကုလသမဂ္ဂက ၂၀၀၆ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အပြည်ပြည် ဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of Persons with Disabilities–CRPD) ကို အတည်ပြုခဲ့ရာ မြန်မာနိုင်ငံက ၂၀၁၁ ခုနှစ်တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် နိုင်ငံတော်က မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ဖော်ပြထားပါသည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမိုကြည့်ရှုစောင့်ရှောက်နိုင်ရန်နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ (၂၀၁၅ ခုနှစ်) ကိုလည်း ပြဋ္ဌာန်းထားပါသည်။

၄။ မသန်စွမ်းသူများ၏လူ့အခွင့်အရေးနှင့်အခြေခံလွတ်လပ်ခွင့်များ တန်းတူညီမျှမှုရှိရေးနှင့်စပ်လျဉ်း၍မသန်စွမ်းသူများသည် မွေးရာပါအခွင့်အရေးများ၊ အသက်ရှင်သန်ခွင့်၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ လုံခြုံမှု၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာလေးစားမှုတို့ကို ခံစားခွင့်ရှိစေရမည့်အပြင် လူမှုအသိုက်အဝန်းတွင် မသန်စွမ်းမှုကို အကြောင်းပြု၍ ခွဲခြားဆက်ဆံမှုနှင့် နှိမ့်ချမှုမရှိစေရေးတို့ကို ဂရုပြုလိုက်နာဆောင်ရွက်ကြရပါမည်။ နိုင်ငံတော်ကလည်း မသန်စွမ်းသူများ၏အခွင့်အရေးများအား ကဏ္ဍစုံတွင် လက်လှမ်းမီရရှိနိုင်စေရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောပွဲများ၊ သင်ခန်းစာပို့ချမှုများတွင် ထည့်သွင်းဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအား မျက်မမြင်လက်စမ်းဘာသာစာအုပ်ပြုစုထုတ်ဝေခြင်း၊ မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (CRPD) အားဘာသာပြန်ဆို၍ ထုတ်ဝေခြင်းအပါအဝင် စာအုပ်စာတမ်းများ ပုံနှိပ်ဖြန့်ချိလျက်ရှိပါသည်။ ထို့ပြင် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် မသန်စွမ်းသင်တန်းကျောင်းများသို့ သွားရောက်၍ မသန်စွမ်းသူများ၏ အခြေခံလူ့အခွင့်အရေးများ ရရှိခြင်း ရှိ/မရှိ ကြည့်ရှုစစ်ဆေးကာ အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်တို့နှင့်လည်း ပူးပေါင်း၍ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်လျက်ရှိပါသည်။

၆။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂက ချမှတ်ထားသော ဆောင်ပုဒ်ဖြစ်သည့် "လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများ မြှင့်တင်ပေး – Fostering disability–inclusive societies for advancing social progress" နှင့်အညီ ကဏ္ဍအသီးသီးတွင် မသန်စွမ်းသူများ လက်လှမ်းမီပါဝင်နိုင်ရေး သက်ဆိုင်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြပါရန် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့တွင် အလေးအနက်တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၇/ ၂၀၂၅)

ဒီဇင်ဘာလ ၁၀ ရက်

၁။ လူသားအားလုံး၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ လုံခြုံခွင့်စသည့် အခြေခံအခွင့်အရေးများပါဝင်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအား ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ယင်းနေ့ကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့တွင် (၇၇) နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းမှ မြစ်ဖျားခံလာခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် လူသားအားလုံးအတွက် အဓိကအကျဆုံး ကြေညာစာတမ်း ဖြစ်ပါသည်။ လူသားများ၏ မွေးရာပါ ဂုဏ်သိက္ခာနှင့် တန်းတူညီမျှရှိမှုကို အသိအမှတ်ပြုထားသော ယင်းကြေညာစာတမ်းကို ကုလသမဂ္ဂအထွေထွေညီလာခံ၌ မဲခွဲရာတွင် မြန်မာနိုင်ငံက ပါဝင်ထောက်ခံမဲပေးခဲ့ရုံသာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း ကြေညာစာတမ်းပါ အခွင့်အရေးများကို ထင်ဟပ်ပြဋ္ဌာန်းထားပါသည်။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အခြေပြု၍ ပေါ်ပေါက်လာသည့် အပြည်ပြည်ဆိုင် ရာ လူ့အခွင့်အရေး ဥပဒေများကို အလေးထားသည့်အနေဖြင့် မြန်မာနိုင်ငံကလည်း အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ် (၄) ခုနှင့် နောက်ဆက်တွဲစာချုပ် (၂) ခု တွင် ပါဝင်ချုပ်ဆိုထားပါသည်။ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (UPR) တွင်လည်း မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ချက်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ကျင်းပပြုလုပ်သည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) ၏ နှစ်ပတ်လည်အစည်းအဝေးသို့ ကိုယ်တိုင်တက်ရောက်ခဲ့ပါသည်။ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ဒီဂျစ်တယ်လူ့အဖွဲ့အစည်းတွင် လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်ခြင်းနှင့် စပ်လျဉ်းသော (၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်လက်တွေ့အသုံးချညီလာခံသို့လည်း ကိုယ်တိုင်ပါဝင် တက်ရောက်ခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့အကြား လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေးကဏ္ဍများတွင် နှစ်ဘက် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ (Memorandum of Cooperation) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ထို့ပြင် အခြားနိုင်ငံတကာအစည်းအဝေးများသို့ Online platform မှ (၁၂) ကြိမ် တက်ရောက်ခဲ့ပါသည်။

၅။ မြန်မာနိုင်ငံအမျိုးသားလူအခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၅ ခုနှစ်အတွင်း လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေး ဆောင်ရွက်ချက်များအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူ့အခွင့်အရေးအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲများ၊ သင်ခန်းစာပို့ချခြင်းများ ပြုလုပ်ခဲ့ပြီး သင်တန်းသားပေါင်း (၇၂၉၀) ဦးကို အသိပညာမျှဝေပေးခဲ့ပါသည်။ ကော်မရှင်၏ဥပဒေဆိုင်ရာ ဆောင်ရွက်ချက်အနေဖြင့် အဆိုပြုဥပဒေကြမ်း (၅) ခု အပေါ် လူ့အခွင့်အရေးဆိုင်ရာ အကြံပြုချက်များ ပေးပို့ခဲ့ပါသည်။ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူစာချုပ် (CRPD) နှင့် နောက်ဆက်တွဲစာချုပ် (CRPD – OP)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ် (CEDAW– OP) တို့ကို ဘာသာ ပြန်ဆို ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ထို့ပြင် "မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်" အကြောင်း သရုပ်ဖော်ပုံစာအုပ်အား မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် ရုရှားဘာသာတို့ဖြင့် ဘာသာပြန်ဆိုပုံနှိပ်၍ ပြည်တွင်းသာမက နိုင်ငံတကာ အစည်းအဝေးများတွင်လည်း ဖြန့်ဝေခဲ့ပါသည်။

၆။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် တိုင်တန်းချက်များ ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ စောင့်ကြည့်လေ့လာခြင်း၊ အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဘိုးဘွား ရိပ်သာနှင့် သက်ကြီးရွယ်အိုစေနေ့ပိုင်း စောင့်ရှောက်ရေးဂေဟာ၊ လူငယ်သင်တန်းကျောင်းများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ကြည့်ရှုစစ်ဆေးရာတွင် ခွဲခြားဆက်ဆံမှု မရှိစေရေး၊ ဘာသာအလိုက် ကိုးကွယ်ခွင့်၊ သင့်တင့်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိခွင့်၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိခွင့်၊ နိုင်ငံတော်မှ တရားဝင်ခွင့်ပြုထားသော အခွင့်အရေးနှင့် အထောက်အပံ့များကို သတ်မှတ်ချက်နှင့်အညီ ရရှိခွင့်စသည့်အခြေခံအခွင့်အရေးများ ရရှိခြင်း ရှိ မရှိ စစ်ဆေးပြီး လိုအပ်သည့်အကြံပြုချက်

များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့လျက်ရှိပါသည်။ ကော်မရှင်၏ အကြံပြုချက်များကို သက်ဆိုင်ရာဌာနအသီးသီးကလည်း ပူးပေါင်း ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၇။ မကြာမီကျင်းပမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်ဥပဒေကပေးအပ်ထားသောနိုင်ငံသားတစ်ဦး၏ အခွင့်အရေးရရှိစေရေးနှင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးတို့အတွက် ကော်မရှင်မှ စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်များကို သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈။ (၇၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂမှ ချမှတ်ထား သည့် ဆောင်ပုဒ်မှာ “Our Everyday Essentials” ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်သူလူထု တစ်ရပ်လုံးကလည်း နေ့စဉ်ဘဝတွင် မရှိမဖြစ်လိုအပ်သည့် လူ့အခွင့်အရေးများကို လေးစား လိုက်နာကြပါရန် ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခါသမယတွင် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

---

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း



ဒီဇင်ဘာလ ၁၈ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ်(၁၂/၂၀၂၅)ကို ၁၈-၁၂-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အလှည့်ကျကော်မတီဝင်များဖြစ်ကြသည့် ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်ကိုကို၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အလှည့်ကျကော်မတီဝင် တာဝန်ထမ်းဆောင်မည့်ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်နှင့် ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။

---

## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း



ဒီဇင်ဘာလ ၃၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ပုံမှန်အစည်းအဝေးအမှတ်စဉ်(၁၂/၂၀၂၅)ကို ၃၀-၁၂-၂၀၂၅ ရက်နေ့၊ ၁၀:၀၀ နာရီအချိန် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘာသာရပ်တာဝန်ခံကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံညွှန်ကြားရေးမှူးများက တင်ပြဆွေးနွေးခဲ့ကြပါသည်။

---

“လူသားတို့၏ ရရှိခံစားပိုင်ခွင့်ရှိသော အခွင့်အရေးများကို ငြင်းပယ်ခြင်းသည် ၎င်းတို့၏ လူသားဖြစ်တည်မှုအပေါ် စိန်ခေါ်ရာရောက်ပေသည်။”

Nelson Mandela

# ကော်မရှင်ရုံး ၂၀၂၆ ခုနှစ်၊ နှစ်သစ်ကူးအကြို အခမ်းအနားကျင်းပပြုလုပ်ခြင်း





ဒီဇင်ဘာလ ၃၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များ၏ ဇနီးများအတူ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများ ပါဝင်သည့် ၂၀၂၆ ခုနှစ်၊ နှစ်သစ်ကူးအကြိုအခမ်းအနားကို အစီအစဉ်(၂)ပိုင်းခွဲ၍ကျင်းပခဲ့ပါသည်။ အခမ်းအနားပထမပိုင်း အစီအစဉ်ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားအစီအစဉ်အရ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ၂၀၂၅ခုနှစ်အတွင်း ကော်မရှင်၏လုပ်ငန်းများကို အောင်မြင်ထူးချွန်စွာ ဆောင်ရွက်နိုင်ခဲ့သော ဝန်ထမ်း(၂) ဦးအားလည်းကောင်း၊ ၂၀၂၅ ခုနှစ်အတွင်း မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် နောက်ဆက်တွဲစာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်များ ဘာသာပြန်ဆိုထုတ်ဝေနိုင်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ဥပဒေရေးရာ ဘာသာရပ် ကော်မရှင်အဖွဲ့ဝင်နှင့် ဥပဒေရေးရာဌာန အရာထမ်းအမှုထမ်းများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးက အရာထမ်းအဆင့် ဆောင်းပါးပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သည့် အရာထမ်းများအားလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်ဒေါက်တာသန်းမြင့်က အမှုထမ်းအဆင့် ဆောင်းပါးပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရရှိခဲ့သည့် အမှုထမ်းများအားလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်ဒေါက်တာမြင့်သူမြိုင်က ကာတွန်းပြိုင်ပွဲ ပထမဆုနှင့် ဒုတိယဆုရရှိသူများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က ကာတွန်းပြိုင်ပွဲ တတိယဆုရရှိသည့် ဆု (၂) ဆုအားလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးကျော်မြင့်နှင့် ဦးဝင်းလှိုင်ဦးတို့က ၂၀၂၅ ခုနှစ်အတွင်း ခွင့်လုံးဝမယူဘဲ ရုံးတက်ရက်မှန်သည့် အရာထမ်း၊ အမှုထမ်း(၅)ဦးအားလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသန်းဝင်းနှင့် ဦးတင်ကိုကိုတို့က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် အဆင့် ၁ မှ ၁၀ အတွင်း ရရှိခဲ့သည့် အရာထမ်း (၂)ဦး အားလည်းကောင်း အသီးသီးဆုများ ချီးမြှင့်ခဲ့ကြပါသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ကော်မရှင်ရုံး (၃) ထပ်ဆောင်ရှေ့ လေဟာပြင်တွင် ဆက်လက်ကျင်းပရာ ဦးစွာ ကော်မရှင်ဥက္ကဋ္ဌက နှစ်သစ်ဆုမွန်စကားပြောကြားပါသည်။ ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများ၏ နှစ်သစ်ကူးလက်ဆောင်များမဲနှိုက်လဲလှယ်ခြင်းနှင့် အားကစားပြိုင်ပွဲများကို အလှည့်ကျ ဆက်လက်ကျင်းပခဲ့ပြီး ဆုများ အသီးသီးချီးမြှင့်ခဲ့ကြပါသည်။ ထို့နောက်တက်ရောက်လာကြသူများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အခမ်းအနားကို ၁၈:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) အားစောင့်ကြည့်လေ့လာခြင်း

ဒီဇင်ဘာလ ၂၈ ရက်

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင် အဖွဲ့ဝင်များ ဦးဆောင်သောစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မရမ်းကုန်းမြို့နယ်မဲဆန္ဒနယ်၊ ဗိုလ်တထောင်မြို့နယ်မဲဆန္ဒနယ်နှင့် တွံတေးမြို့နယ် မဲဆန္ဒနယ်တို့တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးမြို့နယ် မဲဆန္ဒနယ်တွင်လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မအူပင်မြို့နယ် မဲဆန္ဒနယ်တွင် လည်းကောင်း စောင့်ကြည့်လေ့လာရေး ဆောင်ရွက်ခဲ့ပါသည်။

## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့အသုံးစရိတ် လအလိုက် ထောက်ပံ့ငွေသုံးစွဲ အကောင်အထည်ဖော်ဆောင်ရွက်ရေးညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း

ဒီဇင်ဘာလ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့အသုံးစရိတ်လအလိုက်ထောက်ပံ့ငွေသုံးစွဲအကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်း အစည်းအဝေးကို ၂၃-၁၂-၂၀၂၅ ရက်နေ့၊ ၁၁:၀၀ နာရီအချိန်ကော်မရှင်ရုံးအစည်းအဝေးခန်းမတွင်ကျင်းပရာအုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီအလုပ်အမှုဆောင်အဖွဲ့ဝင်ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးတင်အောင်နှင့် ဦးတင်ကိုကို၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အလုပ်အမှုဆောင် အဖွဲ့ဝင် တာဝန်ထမ်းဆောင်မည့် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူမြိုင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနတာဝန်ခံများနှင့် ဘဏ္ဍာရေးဌာနမှ အရာထမ်း၊အမှုထမ်းများ တက်ရောက်ခဲ့ကြပါသည်။



## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း



ဒီဇင်ဘာလ ၂၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲအမှတ်စဉ် ၁၂/၂၀၂၅ အခမ်းအနားကို ၂၃-၁၂-၂၀၂၅ ရက်နေ့ ၁၄:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်နိုင်က အဖွင့်အမှာစကား ပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်ကြသော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ဌာနတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ဝန်ထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း (၆၇) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၄:၅၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ





ဒီဇင်ဘာလ ၂၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါပန်းတိုင်၊ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၅/ ၂၀၂၅) မှ သင်တန်းသား ၁၉၀ ဦးအား ၄-၁၂-၂၀၂၅ ရက်နေ့၊ ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လည်းကောင်း၊ နယ်ထိန်း (အရာရှိ) သင်တန်းအမှတ်စဉ် (၃၇/ ၂၀၂၅) မှ သင်တန်းသား ၁၀၀ ဦးအား ၂၃-၁၂-၂၀၂၅ ရက်နေ့၊ ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လည်းကောင်း လူ့အခွင့်အရေး အသိပညာပေးဘာသာရပ် သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ချက်များစသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ ၂၉၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဒီဇင်ဘာလ ၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က)ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့်ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ် မူဘောင်ပါ ပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက် လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ ဖွင့်လှစ်လျက်ရှိသော အမှုစစ်သင်တန်းအမှတ်စဉ် (၆) သို့ ၁-၁၂-၂၀၂၅ ရက်နေ့၊ ၁၃:၀၀ နာရီမှ ၁၅:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေး စံတန်ဖိုးများဘာသာရပ်သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၁၉ ဦး၊ သင်တန်းသူ ၃ ဦး၊ စုစုပေါင်းသင်တန်းသား ဦးရေ ၂၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ

ဒီဇင်ဘာလ ၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်လုပ်ငန်းများအစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ်ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင် ပါပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက်လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၁၂) သို့ ၄-၁၂-၂၀၂၅ ရက်နေ့ ၁၄:၀၀ နာရီမှ ၁၅:၅၀ နာရီအချိန်အထိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသား ၄၉ ဦး၊ သင်တန်းသူ ၄၄၅ ဦး၊စုစုပေါင်းသင်တန်းသားဦးရေ ၄၉၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပါသည်။



## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာသွားရောက်ပို့ချ



ဒီဇင်ဘာလ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ်ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင် ပါပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက်လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (နေပြည်တော်) ၌ ဖွင့်လှစ်လျက်ရှိသော ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၅) သို့ ၂၃-၁၂-၂၀၂၅ ရက်နေ့၊ ၁၃:၃၀ နာရီမှ ၁၄:၃၀ နာရီ အချိန်အထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေဘာသာရပ် သင်ခန်းစာများသွားရောက်ပို့ချခဲ့ပါသည်။ သင်တန်းအား hybrid system ဖြင့် သင်တန်းသား ၁၇ ဦး၊ သင်တန်းသူ ၂၈ ဦး စုစုပေါင်း သင်တန်းသား ၄၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလို သည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာသွားရောက်ပို့ချ



ဒီဇင်ဘာလ ၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ လူ့အခွင့် အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်လုပ်ငန်းများ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် လုပ်ငန်းလမ်းညွှန်အဖြစ် ရေးဆွဲထားသော ရှေ့လုပ်ငန်းစဉ်မူဘောင်ပါပန်းတိုင်၊ ရည်မှန်းချက်များနှင့်အညီ နှစ်အလိုက်လုပ်ငန်းစီမံချက်ကို ရေးဆွဲ၍ လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး (နေပြည်တော်) ၌ ဖွင့်လှစ်လျက်ရှိသော စုံစမ်းစစ်ဆေးရေးဆိုင်ရာ အမှုစစ်သင်တန်း (အမှုထမ်း) အမှတ်စဉ် (၁/ ၂၀၂၅) သို့ ၃-၁၂-၂၀၂၅ ရက်နေ့၊ ၁၃:၁၀ နာရီမှ ၁၆:၂၀ နာရီ အချိန်အထိ လူ့အခွင့်အရေးအခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့ အခွင့် အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များစသည့် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၁၅ ဦး၊ သင်တန်းသူ ၅ ဦး စုစုပေါင်း သင်တန်းသား ၂၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့်သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း



ဒီဇင်ဘာလ ၃၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက် ရွတ်ဆိုခြင်းကို အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့များတွင် ဆောင်ရွက်လျက်ရှိပါသည်။

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများရောင်းချပေးခြင်း



ဒီဇင်ဘာလ ၃၁ ရက်

ကော်မရှင်ရုံးဝန်ထမ်းများအတွက်သက်သာချောင်ချိရေးအစီအစဉ်အဖြစ် ၂-၁၂-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းမှစားအုန်းဆီ တစ်ပိဿာလျှင် (၇,၇၆၅/-) ကျပ်နှုန်းဖြင့် (၂၀၆) ပိဿာ အားဝယ်ယူ၍လည်းကောင်း၊ ၃-၁၂-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) မှ ဆန်အိတ် ပေါ်ဆန်း (၂၉) အိတ် (၅) ပြည်ဝင် တစ်အိတ်လျှင် ၂၄၅၀၀/- ကျပ်နှုန်း၊ ဧည့်မထ (၅၅) အိတ် (၅) ပြည်ဝင်တစ်အိတ်လျှင် ၁၂၅၀၀/- ကျပ်နှုန်းဖြင့် လည်းကောင်း၊ အမှတ် (၄၃၆) ခြေလျင်တပ်ရင်း၊ ကြက်ခြံမှ ကြက်သား တစ်ပိဿာလျှင် ၁၄,၀၀၀/- ကျပ်နှုန်းဖြင့် ၃၅ ပိဿာ၊ ကြက်ဥတစ်လုံးလျှင် ၄၀၀/-ကျပ်နှုန်းဖြင့် (၈၀၀) လုံးအား ကော်မရှင်ရုံးဝန်ထမ်းများအတွက် ဖြန့်ဝေရောင်းချပေးခဲ့ပါသည်။

---

## တိုင်တန်းချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း တိုင်ကြားစာ (၃၆) စောင် လက်ခံရရှိခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေး အဖွဲ့ အစည်းအဝေး (၅) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်ကြားချက် (၇) မှုကို သက်ဆိုင်ရာ ဝန်ကြီးဌာနသို့လည်းကောင်း၊ တိုင်ကြားချက် (၃) မှု ကို ကာယကံရှင်ထံသို့ အကြံပြုပြန်ကြားခဲ့ပြီး တိုင်ကြားချက် (၂၆) မှုကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရ လည်းကောင်း၊ ကော်မရှင် ဥပဒေ ပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ ယခင်ဆောင်ရွက်ပြီး ဖြစ်ခြင်းကြောင့် လည်းကောင်း၊ တိုင်စာ အင်္ဂါရပ်နှင့် မညီညွတ်သောကြောင့်လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။

---

SUSTAINABLE DEVELOPMENT GOALS

၁၂ တာဝန်သိသော စားသုံးမှု ပုံစံ ဖြစ်ပေါ်စေရေး

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ

Goal (12) Responsible Consumption And Production

ပန်းတိုင် (၁၂) စဉ်ဆက်မပြတ် စားသုံးမှုနှင့် ထုတ်လုပ်မှု ပုံစံများ ဖြစ်ပေါ်စေရေး။

# မူပိုင်ခွင့်ဥပဒေများနှင့်လူ့အခွင့်အရေးဆက်နွယ်မှု

## ဒေါက်တာခိုင်ခိုင်ဝင်း

ကမ္ဘာတစ်ဝန်းတွင် နိုင်ငံတကာကုန်သွယ်မှု မူဝါဒသည် အရေးပါလာပြီး နိုင်ငံများသည်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မူပိုင်ခွင့်ဥပဒေများ ပြဋ္ဌာန်းထားရှိဆောင်ရွက်နေကြချိန် တွင် လူသားတို့၏မွေးရာပါလူ့အခွင့်အရေးနှင့် တစ်ဦးတစ်ယောက် (သို့) လူအများ၏ တီထွင် ဆန်းသစ် ဖန်တီးမှုအတွက် ဥပဒေဖြင့် အကာအကွယ်ပေးထားသည့် မူပိုင်ခွင့်ဆိုသည့် မူပိုင်ခွင့်အခွင့်အရေး တို့အကြား ဆက်နွယ်မှုကို လေ့လာဆန်းစစ်ကြည့်ခဲ့ပါသည်။

လူ့အခွင့်အရေးဆိုသည်မှာ လူတိုင်းတွင် လွတ်လပ်စွာ ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်စေမည့် အခြေခံ အခွင့်အရေးများဖြစ်ပါသည်။ လူ့အခွင့်အရေးနှင့် စပ်လျဉ်းပြီး ပြည်သူ့ရေးရာအခွင့်အရေး၊ နိုင်ငံရေး အခွင့်အရေး၊ စီးပွားရေး အခွင့်အရေး၊ လူမှုရေးအခွင့်အရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဟူ၍ လူ့အခွင့်အရေးအမျိုးအစား ၅ မျိုးရှိရာအဆိုပါအခွင့်အရေးများထဲမှ လူမှုရေးအခွင့်အရေး ( Social Rights) တွင် လူတိုင်းပညာသင်ယူခွင့်၊ သိပ္ပံပညာ တိုးတက်ခွင့်နှင့် အကျိုးရလဒ်ကို လွတ်လပ်စွာမျှဝေ ခံစားခွင့်လည်း ပါဝင်သည်ဖြစ်ရာ မူပိုင်ခွင့်အခွင့်အရေးနှင့် တစ်နည်းတစ်ဖုံ ဆက်စပ်နေသည့် အခွင့်အရေး ဖြစ်ပါသည်။ အလားတူ ယဉ်ကျေးမှုအခွင့်အရေး (Cultural Rights) တွင် လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုတွင် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်ခွင့်၊ အနုပညာကို လွတ်လပ်စွာ ခံစားခွင့်၊ မိမိ ကိုယ်ပိုင်ဉာဏ်ဖြင့် ကြံစည်ဖန်တီးသော ဂုဏ်နှင့် ရုပ်ဝတ္ထုအကျိုးကျေးဇူးကို ကာကွယ်မှုရပိုင်ခွင့်တို့ ပါဝင်သည်ဖြစ်ရာ အဆိုပါ အခွင့်အရေးသည်လည်း မူပိုင်ခွင့်အခွင့်အရေးနှင့် တစ်နည်းတစ်ဖုံ ဆက်စပ်နေသည့် အခွင့်အရေးဖြစ်ပါ သည်။

၁၉၄၈ခုနှစ်တွင် ကုလသမဂ္ဂမှ အတည်ပြုထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ လူ့အခွင့်အရေးကြေညာစာတမ်းတွင် အပိုဒ် (၃၀) ပါရှိပြီး အပိုဒ် ၂၇ တွင် “ လူတိုင်းတွင် လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဘဝ၌ လွတ်လပ်စွာ ပါဝင်ဆောင်ရွက်ခွင့်၊ အနုပညာကို လွတ်လပ်စွာ ခံစားခွင့်နှင့် သိပ္ပံပညာတိုးတက်မှုနှင့် ၎င်း၏ အကျိုးရလဒ်များကို လွတ်လပ်စွာမျှဝေခံစားခွင့် ရှိသည် ” ဟု ဖော်ပြထားသည်ဖြစ်ရာ အဆိုပါ အပိုဒ် ပြဋ္ဌာန်းချက် အခွင့်အရေးနှင့် မူပိုင်ခွင့်အခွင့်အရေးဆိုသည့် အခွင့်အရေးတို့ ကွဲလွဲနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ (၁၉၆၆) ခုနှစ်တွင် ကုလသမဂ္ဂမှ အတည်ပြုပြဋ္ဌာန်းခဲ့သည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (“International Covenant on Economic, Social and Cultural Rights”, ICESCR) သည် လူသားများအတွက် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို အထူးပြုပြဋ္ဌာန်းပေးထားသည့် စာချုပ်ကြီးဖြစ်ပါသည်။ အဆိုပါ စာချုပ်တွင် အပိုဒ်ပေါင်း ၃၁ ပိုဒ် ပါရှိပြီး အပိုဒ် ၁၅ တွင် အောက်ပါအတိုင်း ဖော်ပြပါရှိပါသည်–

ဤစာချုပ်ဝင်နိုင်ငံများသည် အောက်ပါတို့ကို လူတိုင်း၏ အခွင့်အရေးအဖြစ် အသိအမှတ်ပြုရမည်– (က)ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှုတွင်ပါဝင်ခွင့်၊(ခ) သိပ္ပံပညာတိုးတက်မှုနှင့် အသုံးချမှုများ၏ အကျိုးရလဒ်များကိုခံစားခွင့်၊(ဂ)မူလဖန်တီးသူ၏သိပ္ပံပညာ၊ စာပေ သို့မဟုတ်အနုပညာ ဆိုင်ရာ ထုတ်လုပ်မှုမှ ဖြစ်ထွန်းလာသည့် ဂုဏ်သိက္ခာနှင့် ရုပ်ဝတ္ထုဆိုင်ရာအကျိုးကျေးဇူးများကို ကာကွယ်မှု ရပိုင်ခွင့်တို့ဖြစ်ပါသည်။ အဆိုပါအပိုဒ် ၁၅ တွင် ဖော်ပြထားချက်များသည် မူပိုင်ခွင့် အခွင့်အရေးနှင့် တိုက်ရိုက်ပတ်သက် ဆက်နွယ်မှုရှိပြီး အပိုဒ် ၁၅ (ခ) တွင် သိပ္ပံပညာ တိုးတက်မှုနှင့် အသုံးချမှု များ၏အကျိုးရလဒ်များကို ခံစားခွင့်ကို လူသားအားလုံး ခံစားခွင့်ရရှိရမည်ဟု ဖော်ပြထားသလို အပိုဒ် ၁၅ (ဂ) ပါ ဖော်ပြချက်အရ တီထွင်ဆန်းသစ်ဖန်တီးမှုများကြောင့် ရရှိလာသည့် အကျိုးကျေးဇူးများကို ကာကွယ်မှုရပိုင်ခွင့်ဆိုသည့် အခွင့်အရေး တစ်နည်းဆိုရသော် မူပိုင်ခွင့်အခွင့်အရေးနှင့် စပ်လျဉ်းပြီး ၁၉၆၆ ခုနှစ်က ပြဋ္ဌာန်းအတည်ပြုခဲ့သည့် စာချုပ်ကြီးတွင် ပါဝင်အသိအမှတ်ပြုခဲ့ပြီး ဖြစ်သည်ကိုတွေ့ရမည် ဖြစ်ပါသည်။ သို့ရာတွင် ၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူမှုရေးကောင်စီက အဆိုပါ “ပုဒ်မ ၁၅ တွင် အသိအမှတ် ပြုထားသော လူ့အခွင့်အရေးနှင့် ဉာဏပစ္စည်း မူပိုင်ခွင့် တို့ ညီမျှခြင်း မရှိပါဟူ၍ ” ရှင်းလင်း ပြောကြားခဲ့ပြီး ဉာဏဖန်တီးမှုများမှ အကျိုးခံစားခွင့်ကို လူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြု

ထားသော်လည်း အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လူ့အခွင့်အရေးပုံစံအားလုံးနှင့် အလိုအလျောက် ညီမျှမည် မဟုတ်ဟု ရှင်းလင်းပြောကြားခဲ့သည်ဟု လေ့လာသိရှိရပါသည်။

၁၉၆၆ခုနှစ်တွင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် ပြဋ္ဌာန်းခဲ့ပြီးနောက် ၁၉၆၇ ခုနှစ်တွင် World Intellectual Property Rights Organization, WIPO ကို စတင်ဖွဲ့စည်းခဲ့ခြင်းသည်လည်း ဆက်စပ်မှုတစ်ခု ဟုဆိုနိုင်ပါသည်။ အဆိုပါ WIPO အဖွဲ့အစည်းကြီးကို ကမ္ဘာကြီးပေါ်ရှိ ဉာဏပိုင်ဆိုင်ခွင့် အခွင့်အရေးများ မြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရေးကို နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြှင့်တင်ရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ WIPO အဖွဲ့အစည်း ပေါ်ပေါက်လာရသည့် အခြေခံ အကြောင်းရင်းများတွင် ၁၈၈၃ ခုနှစ် ပဲရစ်သဘောတူညီချက်ဖြစ်သည့် စက်မှုပစ္စည်း ကာကွယ်စောင့်ရှောက်ရေး သဘောတူညီချက် ( Paris Convention for the Protection of the Industrial Property) နှင့် ၁၈၈၆ ခုနှစ် စာပေနှင့် အနုပညာလုပ်ငန်းများ ကာကွယ်စောင့်ရှောက်ရေး ဘာနီ သဘော တူညီချက် (Berne Convention for the Protection of Literary and Artistic Works တို့ ပါဝင်သည်ကို လေ့လာသိရှိရပါသည်။

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတိုင်းသည် WIPO အဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး နိုင်ငံတိုင်းတွင် ကိုယ်ပိုင်မူပိုင်ခွင့် ဥပဒေများရှိကြပါသည်။ နိုင်ငံတကာကလိုက်နာ ကျင့်သုံးကြရမည့် နိုင်ငံတကာမူပိုင်ခွင့်သဘောတူစာချုပ်များလည်း အများအပြားရှိနေသည်ကို လေ့လာသိရှိရပါသည်။ သို့ရာတွင် ဉာဏ မူပိုင်ခွင့် အခွင့်အရေး ( Intellectual Property Right, IPR) ၏ အခွင့်အရေး အဓိပ္ပါယ်သည်လည်း လူ့အခွင့်အရေး အဓိပ္ပါယ် ဖွင့်ဆိုချက်ကဲ့သို့ပင် ကမ္ဘာ့နိုင်ငံ အားလုံးက တညီတညွတ်တည်း လက်ခံ ထား သည့် အဓိပ္ပါယ်ဖွင့်ဆိုချက် ရှိမနေသည်ကို လေ့လာသိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ စံနှုန်းများနှင့် ချိန်ညှိပြီးကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုနှင့် မူပိုင်ခွင့် အကာအကွယ်ပေးရေးတွင် ထိရောက်စွာ ပူးပေါင်းပါဝင်နိုင်ရေးနှင့် တစ်ဦး တစ်ယောက် သို့မဟုတ် အဖွဲ့အစည်းများအတွက် တီထွင်ဆန်းသစ်မှုများနှင့် စပ်လျဉ်းပြီး မူပိုင်ခွင့် ဥပဒေများ ပြဋ္ဌာန်းခဲ့ရာတွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေနှင့် တီထွင်မှု မူပိုင်ခွင့် ဥပဒေတို့ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ အဆိုပါ ဥပဒေများသည် အာဏာတည်ပြီး ဥပဒေများဖြစ်သလို ယင်းတို့အနက်မှ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေနှင့် တီထွင်မှု မူပိုင်ခွင့်ဆိုင်ရာ တို့အတွက် နည်းဥပဒေများ ထွက်ရှိထားပြီး ဖြစ်ပါသည်။

လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များနှင့် စပ်လျဉ်းပြီး မကြာခဏ ဝိဝါဒကွဲပြား အငြင်းပွားဖွယ်ရာများရှိ နေဆဲဖြစ်သည့်အတွက် ဆွေးနွေးမှုများလည်း ရှိနေဆဲဖြစ်ပါသည်။ အမှန်စင်စစ်အားဖြင့် လူ့အခွင့်အရေးနှင့် မူပိုင်ခွင့်ဆိုင်ရာဥပဒေပြဋ္ဌာန်းခြင်းများသည် ပင်ကိုကပင် ရှုပ်ထွေးမှုရှိနေပြီး ဥပဒေတစ်ခုပြဋ္ဌာန်းပြီးတိုင်း အခြေခံလူ့အခွင့်အရေး တစ်ခုမဟုတ်တစ်ခု ဖောက်ဖျက်မှုများ ပါရှိနေကြောင်း လူ့အခွင့်အရေးသမားများက ဆိုကြပါသည်။ ဥပမာ အားဖြင့် လူသားတို့၏ အသက်ရှင်သန်ခွင့်အတွက် ဆေးပစ္စည်းများ ရရှိရေးဆောင်ရွက်မှုများတွင် အဟန့်အတားဖြစ်စေသည့် ဆေးနှင့် ဆေးပညာ ဆိုင်ရာများအတွက် မူပိုင်ခွင့်၊ အစားအသောက်ထုတ်ကုန်များ၏ မူပိုင်ခွင့်များ၊ ကွန်ပျူတာ ဆော့ဖ်ဝဲ နှင့် ပညာရေး နှင့် ဆက်စပ်ပစ္စည်း၊ ဓလေ့ထုံးတမ်း အသိပညာများနှင့် ဌာနေတိုင်းရင်းသား တို့၏ ပစ္စည်းများအတွက် မူပိုင်ခွင့်များထားရှိ အကာအကွယ်ပေးမှုများသည် လူသားများအတွက် လူ့အခွင့်အရေးများ ခံစားရရှိမှုအပေါ် သက်ရောက်မှုများ ရှိနေသည့် အငြင်းပွားဖွယ် ဝိဝါဒကွဲပြားမှု ဖြစ်နေသည်ဟု ဆိုထားပါသည်။

ဥ ပ မာ ဆို ရ သော် လူ သား တို င်း အ တွ က် အစားအစာရရှိမှုအခွင့်အရေး( Right to Food) သည် အရေးကြီးသည့် အခြေခံလူ့အခွင့်အရေးဖြစ်ပါသည်။ မူပိုင်ခွင့် အခွင့်အရေးများသည် ဆန်းသစ် တီထွင်မှုကို တွန်းအားပေးနိုင်သော်လည်း ၎င်းတို့သည် အစားအစာရရှိပိုင်ခွင့်နှင့် အခြားသော ဝိဝါဒကွဲပြား အခြေအနေများကို ဖန်တီးနိုင်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူသားများအတွက် အစားအစာရရှိရေး ဆောင်ရွက်ရာ တွ င် မျိုး ဗီ ဇ ပြု ပြ င် ထား သော မျိုး စေ့ များ ကို တင်းကျပ်စွာ ဥပဒေဖြင့် မူပိုင်ခွင့်များ ပြဋ္ဌာန်းကာ

ကာကွယ်ထားခြင်းဖြင့် အဟာန့်အတားဖြစ်စေသလို ဇီဝကူးစက်မှု နည်းပညာ များကြောင့် အစားအစာရရှိရေးကိုထိခိုက်စေပါသည်။ မျိုးဗီဇ ပြုပြင်ထားသော မျိုးစေ့များတီထွင်သည့် သက်ရှိများ အတွက်မူပိုင်ခွင့်များပြဋ္ဌာန်းခြင်းသည် ဆင်းရဲသောနိုင်ငံရှိကျေးလက်နေ ပြည်သူများ အတွက် မျိုးစေ့ ဈေးနှုန်းများ မြင့်မားနေစေပြီး မိုးခေါင်သည့် ကာလတွင် ထုတ်လုပ်မှုကို ဖြည့်စွက်နိုင် သည့် သီးနှံမျိုးကွဲများ လက်လှမ်းမီ ရရှိမှုကိုလည်း တားဆီးထားသည်ဖြစ်ရာ စိုက်ပျိုးရေးကို မှီခို အားထား နေရသည့် လူတန်းစား တစ်ရပ်လုံးအား ဖယ်ရှားနေသည့် သဘောသက်ရောက်နေပါသည်။ အခြား တစ်ဖက်တွင်မူ ဇီဝကူးစက်မှုအတွက် နိုင်ငံစုံကော်ပိုရေးရှင်းများက စိုက်ပျိုးရေး အလေ့အကျင့်များနှင့် ဌာနေတိုင်းရင်းသားများ၏ထုတ်ကုန်များကို ဉာဏပစ္စည်း မူပိုင်ခွင့်ကာကွယ်မှု မှတစ်ဆင့် အမြတ်ထုတ်ခြင်းများရှိနိုင်ပါသည်။ သို့ဖြစ်ရာ ၂၀၁၈ ခုနှစ်တွင် ကုလသမဂ္ဂ စားနပ်ရိက္ခာ အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်က စိုက်ပျိုးရေးထွက်ကုန်များတွင် ဉာဏပစ္စည်းဆိုင်ရာ အကာအကွယ်ပေးရေး အသုံးချမှုသည် အထူးသဖြင့် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် စားနပ် ရိက္ခာရ ပိုင်ခွင့်ကို သိသာ ထင်ရှားသော ခြိမ်းခြောက်မှုတစ်ခုအဖြစ် ဖော်ပြခဲ့ပါသည်။

လူသားတိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုရပိုင်ခွင့် အခွင့်အရေး( Right to Health) သည် အရေးကြီးသည့် အခြေခံလူ့အခွင့်အရေး ဖြစ်ပါသည်။ လူသားတိုင်းသည် အသက်ရှင်သန်ခွင့်အတွက် ကျန်းမာရေးစောင့်ရှောက်ခွင့်ရရှိရမည့် အပြင် ကျန်းမာရေးဆိုင်ရာ ဆေးဝါးများကိုလည်း လက်လှမ်းမီရရှိခွင့်ရှိရမည်ဖြစ်ပါသည်။ မူပိုင်ခွင့်များကဲ့သို့သော အခွင့်အရေးများသည် တီထွင်သူများအား ၎င်းတို့၏ ဖန်တီးမှုများကို အချိန်အကန့်အသတ်အတွင်း သီးသန့် အခွင့်အရေးများပေးခြင်းဖြင့် ဆန်းသစ်တီထွင်မှုကို လှုံ့ဆော်အားပေးရန် ရည်ရွယ်ထားသည် ဆိုသော်ငြား လူသားများ၏ အခြေခံ အခွင့်အရေးကဲ့သို့သော ကျန်းမာရေး အခွင့်အရေး ရရှိခံစားရာတွင် အတားအဆီးအဖြစ် တည်ရှိနေနိုင်သည်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ဆေးဝါးမူပိုင်ခွင့်များကို တင်းကျပ်စွာကျင့်သုံးခြင်း အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက်ကယ်ဆေးများသုံးစွဲခွင့်ကို ကန့်သတ်ထားနိုင်ခြင်းများကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အရေးထိပါးနိုင်သည်လည်းဖြစ်ပါသည်။ ကျန်းမာရေးနှင့် မူပိုင်ခွင့် အခွင့်အရေး ဆက်နွယ်မှု ထင်ရှားခဲ့သည့် သာဓကတစ်ခုမှာ အိန္ဒိယနိုင်ငံမှ တရားရုံး တစ်ခုသည် Gleevec ကင်ဆာဆေး၏ မွမ်းမံပြုပြင်ထားသော ဗားရှင်းအတွက် မူပိုင်ခွင့်တင်ပြလာမှုကို ပယ်ချခဲ့ပြီး လူအများတတ်နိုင်သည့် တန်ဘိုးသင့် ဆေးဝါးများကို ဦးစားပေး အသုံးပြုစေခဲ့ကာ ကျန်းမာရေးနှင့် မူပိုင်ခွင့် အခွင့်အရေးများကြားတင်းမာမှုကို မီးမောင်းထိုး ပြခဲ့ပါသည်။

နိဂုံးချုပ်ဆိုရသော် မူပိုင်ခွင့် အခွင့်အရေးကို လူ့အခွင့်အရေးရှုထောင့်မှကြည့်မည်ဆိုပါကကို အကျိုး ကျေးဇူးများ ရှိသလိုအားနည်းချက်များလည်း ရှိနေပါသည်။ ဆေးဝါးများအပါအဝင် နယ်ပယ် အသီးသီးတွင် ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်ရာတွင် ဉာဏပစ္စည်းမူပိုင်ခွင့်သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပြီး မူပိုင်ခွင့်၏ အရေးပါပုံကို ဥပဒေဖြင့် အကာအကွယ်ပေးထားပြီးဖြစ်ပါသည်။ မူပိုင်ခွင့်ဥပဒေများပြဋ္ဌာန်းထားရှိမှုသည် တီထွင်ဆန်းသစ်သူများနှင့် ဖန်တီးသူများအတွက် ကောင်းမွန်သည့် အားသာချက်များ ဖြစ်သော်လည်း မူပိုင်ခွင့် အခွင့်အရေးဥပဒေများကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် မူပိုင်ခွင့် ဥပဒေများကြောင့် နိုင်ငံတွင်းနေထိုင်ကြသည့် ပြည်သူများ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ထိခိုက်လွယ် အုပ်စုဝင် ပြည်သူများနှင့် ဝင်ငွေ နည်းပါး ပြည်သူများ၏ အသိပညာရရှိပိုင်ခွင့်၊ ကျန်းမာရေး စောင့်ရှောက်မှု ရပိုင်ခွင့်၊ အစားအစာရရှိမှု နှင့် အသက်ရှင်သန်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများ အပေါ်ထိပါးသက်ရောက်မှု အခြေအနေများကြောင့် မူပိုင်ခွင့် ဥပဒေများပြဋ္ဌာန်းသတ်မှတ်ခြင်း နှင့်လူသားများ၏ အခြေခံလူ့အခွင့်အရေးခံစားရရှိမှုတို့အကြား ဝိဝါဒကွဲပြား အငြင်းပွားဖွယ် ဆက်နွယ်မှုများအဖြစ်တည်ရှိနေပါကြောင်း ရေးသားလိုက်ရပါသည်။

ဒီဇင်ဘာလ ၃၁ရက် ၂၀၂၅ခုနှစ် ကြေးမုံသတင်းစာပါ ဆောင်းပါး

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်လအတွင်းလှုပ်ရှားဆောင်ရွက်ချက်များ

ဒီဇင်ဘာ ၁ – စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

ဒီဇင်ဘာ ၃ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၆/ ၂၀၂၅)၊

ဒီဇင်ဘာ ၃ – အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာသွားရောက်ပို့ချခြင်း၊

ဒီဇင်ဘာ ၄ – ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

ဒီဇင်ဘာ ၄ – နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

ဒီဇင်ဘာ ၁၀ – (၇၇) နှစ်မြောက်အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အခမ်းအနားကျင်းပခြင်း၊

ဒီဇင်ဘာ ၁၀ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၇/ ၂၀၂၅)၊

ဒီဇင်ဘာ ၁၈ – ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း၊

ဒီဇင်ဘာ ၂၃ – ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့အသုံးစရိတ် လအလိုက် ထောက်ပံ့ငွေ သုံးစွဲအကောင်အထည်ဖော် ဆောင်ရွက်ရေးညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း၊

ဒီဇင်ဘာ ၂၃ – ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း၊

ဒီဇင်ဘာ ၂၃ – ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချခြင်း၊

ဒီဇင်ဘာ ၂၃ – ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လူ့အခွင့်အရေးဆိုင်ရာသင်ခန်းစာ သွားရောက်ပို့ချခြင်း၊

ဒီဇင်ဘာ ၂၈ – ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) အားစောင့်ကြည့်လေ့လာခြင်း၊

ဒီဇင်ဘာ ၃၀ – ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း၊

ဒီဇင်ဘာ ၃၁ – ကော်မရှင်ရုံး ၂၀၂၆ ခုနှစ်၊ နှစ်သစ်ကူးအကြို အခမ်းအနားကျင်းပပြုလုပ်ခြင်း၊

ဒီဇင်ဘာ ၃၁ – မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးဝန်ထမ်းများ တနင်္လာနေ့နှင့်သောကြာနေ့တိုင်း နိုင်ငံတော်အလံအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ခြင်း၊

ဒီဇင်ဘာ ၃၁ – ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာချောင်ချိရေး အစီအစဉ်အဖြစ် မီးဖိုချောင်သုံးသက်သာပစ္စည်းများ ရောင်းချပေးခြင်း။

********

# ENGLISH SECTION

Vol. 5, No. 1, January 2026

## Myanmar National Human Rights Commission Statement (16/ 2025)

December 3

1. According to the World Bank's report, it is learned that 16 percent of the world's population are persons with disabilities. Although, individual with disabilities are those experiencing one or more kinds of impairments, such as visual, hearing, physical, mental, or intellectual deficiencies. It has been found that in some sectors they are capable of performing even beyond average. To protect, assist, and promote persons with disabilities, the United Nations General Assembly, through Resolution No. 47/3 on 14, October 1992, designated December 3 of every year as the International Day of Persons with Disabilities. Today marks the 33rd anniversary of this designation.

2. With the aim of promoting and protecting all human rights and fundamental freedoms of persons with an impairment, and ensuring respect for their inherent human dignity, the United Nations adopted the Convention on the Rights of Persons with Disabilities (CRPD) in 2006. Myanmar become a signatory to this Convention as a member state in 2011.

3. The Constitution of the Republic of the Union of Myanmar (2008) stipulates that the State shall care for persons with disabilities. In accordance with the Constitution, and with the objectives of being able to provide greater care for persons with disabilities and to more effectively implement the provisions of the Convention on the Rights of Persons with Disabilities (CRPD), the Rights of Persons with Disabilities Law was also promulgated in 2015.

4. Regarding the assurance of equality in the human rights and fundamental freedoms of persons with disabilities, enjoy inherent rights, the right to life, citizenship, liberty, justice, security, equality, and dignity. In addition, it must be ensured that persons with disabilities care must be taken to ensure there is no discrimination or degradation in society on the grounds of disability. It is also observed that the State is emphasizing efforts to enable people with disabilities to access their rights in all sectors.

5. The Myanmar National Human Rights Commission has been conducting awareness–raising talks and incorporating discussions on the human rights and fundamental freedoms of individual with disabilities into training session. Furthermore, the Commission is publishing materials, including a Braille version of the Universal Declaration of Human Rights and a translated version of the Convention on the Rights of Persons with Disabilities (CRPD). In addition, the Commission has conducted inspection visits at prisons, detention centres, lock–ups, and training schools for persons with disabilities to monitor whether the basic human rights of persons with an impairment are being upheld, and has sent recommendations to the relevant departments based on its findings. The Commission is also collaborating with relevant Ministries and organizations, including the Myanmar Federation of Persons with Disabilities, on matters pertaining to the rights of persons with disabilities.

6. On this International Day of Persons with Disabilities, are emphatically urge all stakeholders to collaborate in ensuring persons with disabilities can accessible and in fostering disability–inclusive

societies across all sectors, in line with the theme set by the United Nations for this year: "Fostering disability inclusive societies for advancing social progress."

Myanmar National Human Rights Commission

## Myanmar National Human Rights Commission Statement (17/ 2025)

December 10

1. The Universal Declaration of Human Rights (UDHR), which enshrines the fundamental rights of all human beings, including the right to life, liberty and security, was proclaimed on 10 December 1948. This day is observed globally as International Human Rights Day, marking today its seventy-seventh anniversary.

2. The UDHR, emanating from the Charter of the United Nations, stands as a cornerstone document for all humanity in the post-Second World War era. Myanmar not only voted in favor of the adoption of the Declaration, which recognizes the inherent dignity and equal rights of all human beings, in the UN General Assembly but has also incorporated the rights stipulated in the Declaration into the 2008 Constitution of the Republic of the Union of Myanmar.

3. Emphasizing the importance of the international human rights laws that emerged based on the Universal Declaration of Human Rights, Myanmar has also become a party to four international human rights treaties and two optional protocols to those treaties. Furthermore, Myanmar is participating in the Universal Periodic Review (UPR), which is a process that regularly reviews the human rights situation of all countries worldwide.

4. Demonstrating regional and international cooperation, the Myanmar National Human Rights Commission (MNHRC) participated in person at the annual meeting of the Southeast Asia National Human Rights Institutions Forum (SEANF) in Jakarta, Indonesia, in 2025. Furthermore, the MNHRC attended the 9th International Scientific and Practical Conference on "Protection of Human Rights in the Context of Digitalization of Society", in the Russian Federation. During this Conference, a Memorandum of Cooperation was signed between the MNHRC and the Office of the High Commissioner for Human Rights of the Russian Federation to enhance bilateral collaboration in human rights promotion and protection. Additionally, the Commission attended twelve other international meetings via online platforms.

5. In line with its mandate under the enabling law, the MNHRC, throughout 2025, conducted human rights awareness-raising activities such as human rights talks and lectures in collaboration with Union-level organizations, ministries, and civil society organizations, reaching a total of 7,290 participants. In its legal advisory role, the Commission provided human rights-based recommendations on five proposed draft laws. The MNHRC also published translated versions of key documents: the Convention on the Rights of Persons with Disabilities (CRPD) and its Optional Protocol (CRPD-OP), and the Optional Protocol to the Convention on the Elimination of All Forms of Discrimination against Women (CEDAW-OP). Moreover, an illustrated booklet about the MNHRC was published in Myanmar, English, and Russian languages and distributed domestically and at international fora.

6. In its protection mandate, the MNHRC undertakes several key activities: handling complaints, monitoring alleged human rights violations, and conducting inspections of places of detention. These

include prisons, jails, labour camps, police lock-ups, court holding cells, elderly homes and day-care center for the aged, and youth training schools. Inspections focus on ensuring non-discrimination, freedom of religion, access to adequate healthcare, sufficient clean drinking water, and the lawful provision of state-authorized entitlements and support. Based on findings, necessary recommendations are sent to the relevant authorities. The respective authorities have also cooperated in addressing the Commission's recommendations.

7. Regarding the upcoming multi-party democratic general election, the Commission will conduct its monitoring processes in accordance with the relevant rules and regulations to ensure the legally mandated rights of every citizen and to contribute to the realization of a free and fair electoral process.

8. The theme designated by the United Nations for this 77$^{th}$ anniversary of International Human Rights Day is "Our Everyday Essentials." Therefore, on this commemorative day, the Myanmar National Human Rights Commission calls upon everyone to respect and uphold the essential human rights that are indispensable in our daily lives.

**Myanmar National Human Rights Commission**

## Observation of The 2025 Multi-Party Democratic General Election Phase (1)

December 28

The 2025 Multi-Party Democratic General Election Phase (1) was held on 28-12-2025 and the election observation team led by Chairman and Commissioners of Myanmar National Human Rights Commission Observed in Mayangone Township constituency, Botahtaung Township constituency and Twente Township constituency in Yangon Region, Bago Township constituency in Bago Region and Maubin Township constituency in Ayeyarwaddy Region.

## MNHRC Gives Human Rights Lecture at Police Officer Tactical Training Institute (Mandalay)

December 23

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. U Zaw Lwin Htoo, Director of the Commission office covered the lectures on human rights to 191 officers of the Investigation Officer Training Course No. (85/ 2025) at the Police Officer Tactical Training Institute (Mandalay) on 4 December 2025 from 7:30 to 9:50. Likewise, he delivered similar lectures to 100 officers of the Surveillance Officer Course No. (37/ 2025) at the same institute on 23 December 2025 from 7:30 to 9:50. In this regard, the Director focused the lectures on Human Rights Concept, Universal Declaration of Human Rights (UDHR), the Organization and Functions of Myanmar National Human Rights Commission. Following the lectures, the lecturer accepted the questions from the officers. A total of 291 officers attended the courses mentioned above.

## MNHRC Conducts Human Rights Lectures BSI Training School (Taungoo)

December 1

The Myanmar National Human Rights Commission (MNHRC) is steadily working to effectively implement the promotion and protection of human rights as stipulated in Section 22 (a) of the Commission Law. The Commission is implementing its activities aligned with the goals and objectives outlined in its framework of Action for Myanmar National Human Rights Commission, which serves as a guideline for its operations, and is diligently executingitstasksaccordingly.

Daw Mi Mi Khaing, Deputy Director of the Commission office addressed lectures on human rights at the Investigation Training Course (No.6) held at the Investigation Training School (Taungoo) of Bureau of Special Investigation on 1 December 2025 from 13:00 to 15:50. In this regard, the Deputy Director covered the lectures on Human Rights Norms. The lecturer was followed by the question and answer section. A total of 22 officers including 3 female officers attended the aforementioned course.

## MNHRC Holds Lecture on Child Rights at Civil Service Academy (Lower Myanmar)

December 4

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Daw Mi Mi Khaing, the Deputy Director of the Commission office addressed the lecture on child rights at the Refresher Course for Basic Education Teachers Course No. (112), which commenced at the Civil Service Academy (Lower Myanmar) on 4 December 2025 from 14:00 to 15:50. A total of 494 trainees including 445 female trainees attended the aforementioned course. The lecturer responded to inquiries from the trainees.

## MNHRC Provides Human Rights Lectures at MIFER

December 23

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights. As part of this initiative, Daw Mi Mi Khaing, Deputy Director of the Commission office focused the lectures on Myanmar National Human Rights Commission Law at the "Capacity Building Training Course No. (1/ 2025)" which commenced at the Ministry of Investment and Foreign Economic Relations (Naypyitaw) on 23 December 2025 from 13:00 to 14:30. A total of 45 trainees including 28 female trainees attended the course mentioned above by using hybrid system. The lecturer responded to inquiries from the trainees.

## MNHRC Delivers Human Rights Lecture at Anti– Corruption Commission

December 3

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public awareness of human rights by disseminating information and educating the public as much as possible. U Kaung Khant Zin, Assistant Director of the Commission office covered the lectures on human rights at the Investigation Officer Training Course No. (1/ 2025) held at the Anti– Corruption Commission Office on 3 December 2025 from 13:10 to 16:20. In this context, the Assistant Director focused the lectures on Human Rights Concept, Universal Declaration of Human Rights, the Organization and Functions of Myanmar National Human Rights Commission. A total of 20 trainees including 5 female trainees attended the course mentioned above. The lecturer then responded to the trainees questions.

## Status of Handling Complaints

During December 2025, MNHRC received 36 Complaints. The complaint investigation team held 5 complaint screening meetings for examining the complaints and 7 complaint were referred to the departments concerned. In 3 cases, the complaints were advised on more appropriate remedies. The 26 cases were recorded in accordance with the MNHRC Law.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁ – ၈၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**
သဇင်လမ်းနှင့်ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်။
☎ ၀၆၇ – ၃၄၃၂၅၉၅

**မန္တလေး(ရုံးခွဲ)**
ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
☎ ၀၂ – ၄၀၃၀၄၈၅

**စစ်တွေ (ရုံးခွဲ)**
ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။
☎ ၀၉ – ၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**
အမှတ် (၁၃) ရပ်ကွက်၊ မဟာစေတီလမ်းမကြီး၊ မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
☎ ၀၄ – ၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm